# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး ခနွတ်အော့ဒ်စဘီ၏ ကချင်ပြည်နယ်နှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက်

(ရန်ကုန်၊ ၂၀၁၈ ခုနှစ် ဧပြီလ ၂၀ ရက်) – "ဧပြီလ ၇ ရက်နေ့မှစတင်၍ ကချင်ပြည်နယ်ရှိ ဒေသအများအပြားတွင် လက်နက်ကိုင်ပဋိပက္ခများ ပြင်းထန်စွာဖြစ်ပွားလျက်ရှိသည်ဟူသော အစီရင်ခံမှုများနှင့် စပ်လျဉ်း၍ ကျွန်တော့်အနေဖြင့် အထူးပင် စိုးရိမ်ပူပန်မိပါသည်။ အထူးသဖြင့် တနိုင်းနှင့် ဖားကန့် မြို့နယ်များတွင် တိုက်ပွဲများကြောင့် အရပ်သားများ ထိခိုက်၊ သေဆုံးမှုများရှိခြင်း၊ ပြည်သူလူထုများ ထိခိုက်ခံစားနေရခြင်း စသည့်အစီရင်ခံမှုများကြောင့် အထူးပင် ပူပန်မိပြီး၊ အခြားနေရာများတွင်လည်း ထိခိုက်မှုများကြီးမားစွာရှိနေကြောင်းသိရှိရပါသည်။ ထိုသို့ ထိခိုက်သူများတွင် တနိုင်း မြို့နယ်အတွင်းရှိ အောင်လော့ဒ်၊ ဆွတ်ရိန်ယန်နှင့် ဆွတ်ရာကျေးရွာများမှ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်ဟု သိရှိရသော လူဦးရေ ၂,၀၀၀ ခန့်လည်း ပါဝင်ပါသည်။ အဆိုပါ နေရပ်စွန့်ခွာတိမ်းရှောင်သူများမှာ သွားလာရန်ခက်ခဲသော တောထဲတွင် ရှောင်တိမ်း နေထိုင်ကြရလျက်ရှိပြီး၊ ပဋိပက္ခကြောင့် ထိခိုက်မှုဖြစ်နေသောဒေသမှ ထွက်ခွာနိုင်ခြင်း မရှိသေးပါ။ အဆိုပါ အရပ်သားများတွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအပါအဝင် အမျိုးသမီးများ၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ ဖျားနာနေသူများနှင့် ဒဏ်ရာရထားသူများပါဝင်ကာ၊ ၄င်းတို့မှာ ဒုက္ခအခက်အခဲများ ကြုံတွေ့နေရပြီး၊ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများနှင့် ကာကွယ်စောင့်ရှောက်မှုများကို အပူတပြင်းလိုအပ်လျက်ရှိသည်ဟုသိရှိရပါသည်။ ဖားကန့်မြို့နယ်တွင် လိုင်နောင်ခူးရွာရှိ အရပ်သားများမှာလည်း တိုက်ပွဲကြောင့် ထိခိုက်မှုရှိသောဒေသမှ လုံခြုံဘေးကင်းသောနေရာများသို့ အလားတူပင် ထွက်ခွာနိုင်ခြင်းမရှိသေးကြောင်း သိရှိရပါသည်။

နေရပ်စွန့်ခွာတိမ်းရှောင်ရသူများနှင့် ပဋိပက္ခဖြစ်ပွားနေသောဒေသများတွင် ကျန်ရှိနေသေးသော အခြားအရပ်သားများ အား ၄င်းတို့ ဆန္ဒအတိုင်း ရွေးချယ်ထားသည့် ပိုမိုလုံခြုံဘေးကင်းသော နေရာများသို့ သွားခွင့်ပြုပေးပါရန်နှင့် အဆိုပါ လူများထံ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ချက်ချင်းပေးအပ်နိုင်ရန်အတွက် ခွင့်ပြုပေးပါရန် ပဋိပက္ခတွင် ပါဝင်နေသူ အားလုံးကို ကျွန်တော့်အနေဖြင့် မေတ္တာရပ်ခံအပ်ပါသည်။ ထို့ပြင် ပဋိပက္ခတွင် ပါဝင်နေသူအားလုံးမှ အချိန်တိုင်းတွင် အရပ်သားများကို ကာကွယ်စောင့်ရှောက်မှုအားသေချာစွာဆောင်ရွက်ပေးပါရန် ကျွန်တော့် အနေဖြင့် မေတ္တာရပ်ခံပြီး၊ ပဋိပက္ခတွင် ပါဝင်နေသူအားလုံးသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများကို လိုက်နာရန် တာဝန်ရှိသည်ကိုလည်း ပြောကြားလိုပါသည်။"

**ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်**

*ထက်ထက်ဦး၊ အစီရင်ခံရေးနှင့် ပြန်ကြားရေးအရာရှိ*

*လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (မြန်မာ)*

*(ooh@un.org / +၉၅ (၀) ၉၇၉ ၇၀၀ ၇၈၂၆)*

*လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးမှ သတင်းထုတ်ပြန်ချက်များကို ရယူရန် www.reliefweb.int and www.themimu.info*